# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

# ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ။

**[၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]**

**၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။**

**(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)**

Myanmar Law Information System (MLIS)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၇ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ ရငွေ အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။ (၁) ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံး သည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေ ခြောက်ရာကုဋေအထိ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံ စာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာ ရံပုံငွေတွင် ထည့်သွင်းရမည်။

(၃) ပုဒ်ခွဲ (၁) အရ၊ ရရှိသည့်ချေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုင်း၊ ကုန်ကျသည့် စရိတ်ငွေများကိုင်း၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ပေးရမည်။

၄။ ။ အောက်ပါဇယားတွင် ဖော်ပြရာပါ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဘဏ္ဍာရေး ကော်မီတီနှင့် တာဝန်ခံအသီးသီးသည်၊ မိမိနှင့် တပြေးတည်းဖော်ပြထားသော အသုံးစရိတ်များအတွက် ဆက်လက်၍ ဖော်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ ၍ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလ အတွင်း သုံးစွဲနိုင်သည်။

(ပုံ) ဗိုလ်နေဝင်း

၁၉၆၇ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ။
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

အမိန့်အရ
(ပုံ) ဗိုလ်မှူးကြီးကိုကို
အတွင်းဝန်
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲ ဇယား (က)တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲ ဇယား (ခ)အစိုးရဌာနများနှင့် ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲ ဇယား (ဂ)ရှမ်းပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲ ဇယား (ဃ)ကချင်ပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နောက်ဆက်တွဲ ဇယား (င)ကယားပြည်နယ်၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 နောက်ဆက်တွဲ ဇယား (စ)ကော်သူးလေ၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 နောက်ဆက်တွဲ ဇယား (ဆ)အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြား အဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 နောက်ဆက်တွဲ ဇယား (ဇ)အစိုးရလက်အောက်ခံ ဒေသန္တရ အဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း